ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ဖရူဆိုမြို့နယ်**

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)


ကေးလျားအုပ်စု၊ဒေါဗျာကူးကျေးရွာ

၂၀၁၇ခုနှစ်၊ဖရူဆိုမြို့နယ်


# မာတိကာ

၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ ....................................................................................2
၂။ကေးလျားကျေးရွာအုပ်စုအခြေပြမြေပုံ..................................................................................3
၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ..........................................................3
၄။ကျေးရွာအခြေခံအချက်အလက်များ ......................................................................................4
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ် ဇယား ....................4
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .......6
(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ........................................................................ 6
(၂) ရာသီခွင်ပြပြက္ခဒိန် ......................................................................................................... 8
(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ............................................................................ 11
(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ..................................................................................... 13
(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား .......................................................................... 15
(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ...................................................................................... 17
၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း..........................................19
ဒေါ်ဗျာကူးကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဂင်များစာရင်း ................................20
၈။ကျေးရွာအချတ်အလတ်( ပုံစံ-၁ ) ...................................................................................21
၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) ..............................................................................24
၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) ...............................................................25
၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးခြယ်ခြင်း ( ပုံစံ-၄)........................................................27
၁၂။ဒေါ်ဗျာကူးကျးရွာအစည်းအဝေးမှတ်တမ်းများ .......................................................................28
၁၃။ကဏ္ဍာအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.............................................................................30

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။ကေးလျားကျေးရွာအုပ်စုအခြေပြမြေပုံ



## ၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁. ကေးလျားကျေးရွာ

၂. ဒေါပျာကူးကျေးရွာ

၃. ထီးဗျားညေကျေးရွာ

၄. လောလျာခူကျေးရွာ

၅. ဒေါတနောကျေးရွာ

၆. ဒေါတကလဲ့(ဆိုဒူ)ကျေးရွာ

၇. ငူသွဲ့လဲကျေးရွာ
၈. ထီးသဲကူးကျေးရွာ
၉. ဒေါ်ခူလီကျေးရွာ
၁၀. လောပလျားလဲကျေးရွာ
၁၁. ဒေါ်ပိုရှေ့

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ကေးလျား(ကြယ်ဖိုးကြီး)ကျေးရွာအုပ်စုသည် ဖရူဆိုမြို့နယ်၏ အရှေ့ဖက်၊ အရှေ့တောင်ဖက်၊ အရှေ့မြောက်ဖက်တို့တွင် တည်ရှိပါသည်။ ကေးလျားကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၁၁)ရွာပါဝင်ပါသည်။

ဒေါ်ပျာကူးကျေးရွာသည် ကေးလျားကျေးရွာ နှင့် ထီးပျားညေကျေးရွာတို့၏ တောင်ဖက်တွင် တည်ရှိပါသည်။ ဒေါ်ပျာကူးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၆)စု ရှိပြီး ကယား လူမျိုး တစ်မျိုးတည်းသာ နေထိုင်ကြပါသည်။ တစ်ရွာလုံး နှစ်ခြင်းခရစ်ယာန်ဘာသာ ကို ယုံကြည် ကိုးကွယ်ကြပါသည်။

ဒေါ်ပျားကူး ကျေးရွာ တွင် တောင်ယာ စိုက်ပိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြု ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဆေးပေးခန်း၊ မိုးရေလှောင်ကန်၊ လူနေအိမ် စသည့်အခြေ ခံ အဆောက် အဦးများရှိပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး အခြား ရွာများသို့ ဆက်သွယ်ထားသောလမ်းမှာ ကျောက်ခင်းလမ်း ဖြစ်ပါသည်။ ခြောက်သွေ့ရာသီတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော်လည်း မိုးတွင်း ကာလတွင် သွားလာရာ အခက် အခဲ ရှိပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA Tools များ |
|---|---|
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) |

| | |
|---|---|
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



**လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်ဗျာကူး** | **ရက်စွဲ ။** | **။ ၂၉.၁၁.၂၀၁၆** |
| **အုပ်စု။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ ။** | **။ က(၆) ဦး** |
| | | | **မ (၅) ဦး** |
| | | | **ပေါင်း (၁၁) ဦး** |

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်၏ရည်ရွယ်ချက်မှာ ဒေါ်ဗျာကူးကျေးရွာ၏မြေပုံကိုကြည့်ခြင်းအားဖြင့် ဒေါ်ဗျာကူးကျေးရွာတွင်းရှိ လူသားနှင့်လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ)နှင့် သဘာဝအရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ဒေါ်ဗျာကူးကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် ဒေါ်ဗျာကူးကျေးရွာ၏ လူမှုရေးကိစ္စရပ်များကို လေ့လာ တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

ဒေါ်ဗျာကူးကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ အရ ဒေါ်ဗျာကူးကျေးရွာတွင် လူ့အရင်းအမြစ်များ (အဆောက်အဦးများ)၊ သဘာဝအရင်းအမြစ်များ ဟူ၍ (၂)မျိုး ခွဲခြား တွေ့နိုင်ပါသည်။ ဒေါ်ဗျာကူး ကျေးရွာတွင် အဓိက အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ မိုးရေလှောင်ကန်၊ သင်္ချိုင်း၊ ဆေးခန်း၊ ဘုရားကျောင်း၊ ထရန်စဖာ၊ အိမ်သာ၊ စာသင်ကျောင်း တို့ကို တွေ့မြင်နိုင်ပါသည်။ ဒေါ်ဗျာကူး ကျေးရွာတွင် အသက် မွေးဝမ်းကျောင်း အဖြစ် အဓိက လုပ်ကိုင်သော စီးပွားရေးမှာ တောင်ယာ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တောင်ယာတွင် အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊

ပြောင်းကောက်၊ ပြောင်းဖူး၊ ပဲ တို့ဖြစ်ပါသည်။ ဒေါဖျာကူး ကျေးရွာတွင် တွေ့မြင် နိုင်သော သဘာဝ အရင်းအမြစ်မှာ ကျေးရွာပိုင် သစ်တောများ၊ ဝါးတောများ၊ စိမ့်စမ်းရေနှင့် တောင်ယာများ ဖြစ်ပါသည်။ ဒေါဖျာကူး ကျေးရွာတွင် ရှိသော လူ့အရင်းအမြစ်များ နှင့် သဘာဝ အရင်းအမြစ်များမှာ ကျေးရွာ အတွင်းရှိ လူဦးရေ ထူထပ် လာမှုကြောင့် မလုံလောက်မှုများ ဖြစ်နေပါသည်။ ဒေါဖျာကူး ကျေးရွာ အတွင်း ရှိသော သဘာဝအရင်းအမြစ် တောင်ယာ စိုက်ပျိုးရေးမှာ ကျေးရွာ လူဦးရေ နှင့် နှိုင်းယှဉ်လျှင် လုံလောက်မှု ရှိနေပါသေးသည်။ ကျေးရွာတွင် အ

ဓိက တွေ့မြင်နေရသော မလုံလောက်မှုမှာ ရေဖြစ်ပြီး အထူးသဖြင့် နွေရာသီတွင် လူဦးရေနှင့် နှိုင်းယှဉ် အသုံးပြု နေရပြီး အနည်းငယ်သာ လုံလောက်မှု ရှိပါသည်။ ဒေါဖျာကူး ကျေးရွာတွင် သစ်တော အရင်းအမြစ် တဖြည်းဖြည်း လျော့မည်းလာမှုကို တွေ့နေရပါသည်။သို့သော် ယခုအချိန်တွင် ပြင်ပ အဖွဲ့အစည်းများ၏ လာရောက် အသိပညာ ပေးခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင်၏ တန်ဖိုးကို သိရှိလာကြပြီး ထိန်းသိမ်းမှုကို စတင် လုပ်ဆောင် လာခဲ့ကြပါသည်။

ဒေါဖျာကူး ကျေးရွာတွင် ကယား လူမျိုးစု တစ်စုတည်းသာ စုပေါင်း နေထိုင်ကြပြီး ခရစ်ယာန် (နှစ်ခြင်း) ဘာသာကို အဓိက အလေးထား ကိုးကွယ်ကြပါသည်။ ဒေါဖျာကူး ကျေးရွာတွင် (၂၀၁၆) ခုနှစ်တိုင် အိမ်ထောင်စုမှာ (၂၆)စု ရှိပြီးအခြား ကျေးရွာသို့ ပြောင်းရွှေ့သွားခြင်း မရှိပေ။

ဒေါဖျာကူး ကျေးရွာသည် သဘာဝ စိမ့်စမ်းရေ ရှိပါသည်။ ဒေါဖျာကူး ကျေးရွာတွင် တိရိစ္ဆာန်များ အတွက် စားကျက်မြေကို ရွာအပြင်ဘက်တွင် တွေ့မြင်နိုင်ပါသည်။ ဒေါဖျာကူးကျေးရွာတွင် လူ့အရင်းအမြစ် အဖြစ် ရွာတွင် လမ်းမှာ သွားလာရ ခက်ခဲပါသည်။ ရွာတွင်း လမ်း မညီညာမှုကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲသည့် အပြင် ကျောင်းနေကလေးများ အတွက် သွားလာရာ လုံခြုံစိတ်ချမှု မရှိခြင်းကို တွေ့မြင်နိုင်ပါသည်။

ဒေါဖျာကူး ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ၏ သုံးသပ်ချက် အရ -

(၁) နွေရာသီတွင် ရေမလုံလောက်ခြင်း။

(၂) သစ်တော အရင်းအမြစ် နည်းပါးလာခြင်း။


(၃) တောင်ယာ အရင်းအမြစ် နည်းပါးလာခြင်း။

(၄) ကျေးရွာ အတွင်း သွားလာ အသုံးပြုနေသော လမ်းမှာ လုံခြုံ စိတ်ချမှု မရှိခြင်း။

(၅) စာပေ တတ်မြောက်မှု နည်းပါးပြီး အသက် မွေးဝမ်းကြောင်း အတွက် အဓိက တောင်ယာကိုသာ လုပ်ကိုင် နေကြခြင်း။

မှတ်တမ်းတင်သူ
ဒေါ်မေရီ
(လူထုစည်းရုံးရေးမှူး)

## (၂) ရာသီခွင်ပြပြက္ခဒိန်




| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်ဗျာကူး** | **ရက်စွဲ။** | **။၂၉. ၁၁. ၂၀၁၆** |
| **အုပ်စု ။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျား (၅) ဦး** |
| | | | **မ (၅) ဦး** |
| | | | **ပေါင်း (၁၀) ဦး** |

### ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်ဗျာကူး ကျေးရွာ၏ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အပြောင်းအလဲများကို မှတ်တမ်းတင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသော အခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်း အခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကို သိရှိရန်၊ ရာသီဥတုနှင့် ပွဲတော် အခြေအနေများကို သိရှိလာစေရန် ရည်ရွယ်ပါသည်။

ဒေါ်ဗျာကူး ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် အရ ဒေါ်ဗျာကူး ကျေးရွာ၏ အဓိက အသက် မွေးဝမ်းကြောင်းမှာ တောင်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး လုပ်ကိုင် ကြပါသည်။ ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုး သောကြောင့် ဇန်နဝါရီလတွင် နိုဝင်ဘာလမှ ထွက်ရှိသော မြေပဲများကို ခြွေသိမ်းယူခြင်း၊

ဖေဖော်ဝါရီလတွင် တောင်ယာများကို ကြိုတင် ခုတ်ထွင် ရှင်းလင်းခြင်း၊ အိမ် (သို့မဟုတ်) ခြံစည်းရိုး အသုံးပြုရန် အတွက် ဝါးကို ကြိုတင် ခုတ်ထားခြင်း၊ မတ်လတွင် တောင်ယာခင်းတွင် စိုက်ပျိုးနိုင်ရန် အတွက် အမှိုက်များ၊ သစ်ကိုင်းခြောက်များအား မီးရှို့ခြင်း၊ ဧပြီလတွင် ငှက်ပျောပင်များ စိုက်ပျိုးခြင်း၊ တောင်ယာခင်း ခြံကာရံခြင်း၊ မေလတွင် တောင်ယာ ထွန်ယက်ခြင်း၊ ပြောင်းဖူး စိုက်ပျိုးခြင်း၊ ဇွန်လတွင် ပြောင်းကောက် စိုက်ပျိုးခြင်း၊ ဇူလိုင်လတွင် စပါးစိုက်ခြင်း၊ ဩဂုတ်လတွင် မြေပဲစိုက်ပျိုးခြင်း၊ စက်တင်ဘာလတွင် စိုက်ပျိုးပြီးသော သီးနှံများအား ပေါင်းရှင်းခြင်း၊ အချို့သော အပင်များကို ဇူလိုင်လ မတိုင်ခင် ပေါင်းရှင်းလင်းပေးရပါသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် မြေပဲများနှုတ်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ပြောင်းဖူးများ သိမ်းခြင်း၊ ဒီဇင်ဘာလတွင် ကျန် သီးနှံများ အားလုံးကို ရိတ်သိမ်းကြပါသည်။

ဒေါ်ဖျာကူး ကျေးရွာမှ အခြား ကျေးရွာထိ ရွာချင်း ချိတ်ဆက်မှာ မြေသားလမ်းဖြစ်ပြီး၊ ကျေးရွာမှ တစ်ဆင့် ကျေးရွာအုပ်စု အထိ ကျောက်ခင်းလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ကျေးရွာ တွင်းလမ်းနှင့် ကျေးရွာ ချိတ်ဆက်လမ်းမှာ နိုဝင်ဘာလမှ မေလ အထိ စက်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ အဆင်ပြေစွာ သွားလာ အသုံးပြုနိုင်ပါသည်။ စက်များ သွားလာ အသုံးပြုမှု များခြင်းကြောင့် ဖုန် ထူထပ်ခြင်းများလည်း ကြုံတွေ့ ရပါသည်။ဇွန်လမှအောက်တိုဘာလအထိမိုးရာသီဖြစ်ပြီးကျေးရွာတွင်းနွားလှည်းများ၏သွားလာအသုံးပြုမှု၊ စက်၊ ထော်လာဂျီများ၏ ဘီးယက်မှုကြောင့် လမ်းမှာ လူ၊ ဆိုင်ကယ်များ သွားလာ အသုံးပြုရာ အတွက်ပင် ခက်ခဲပါသည်။

ဒေါ်ဖျာကူး ကျေးရွာတွင်း ရေလုံလောက်မှုမရှိပေ။ ဇန်နဝါရီလ မှ ဖေဖော်ဝါရီလ အထိသာ အသုံးနိုင်ပါသည်။ ဇွန်လမှ ဒီဇင်ဘာလအထိ မိုးရေကို အချို့သိုလှောင်ထားကြပြီး နွေရာသီတွင် လုံလောက်စွာ အသုံးပြုနိုင်ပါသည်။

ဒေါ်ဖျာကူး ကျေးရွာတွင် ရာသီ အလိုက် ဖြစ်ပွားတက်သော ရောဂါများ အနည်းငယ် ရှိပါသည်။ အထူးသဖြင့် ဒီဇင်ဘာလတွင် ဖြစ်တတ်သော နာစေး၊ ချောင်းဆိုး ဖြစ်တတ်ပြီး မတ်လမှ ဇွန်လတွင် မိုးအကူး နွေအကုန် ဖြစ်သောကြောင့် ကလေးငယ်များ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်တတ်ပါသည်။ ဇူလိုင်လမှ အောက်တိုဘာလတွင် မိုးရာသီဖြစ်သောကြောင့် တုတ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။

ဒေါ်ဖျာကူး ကျေးရွာသည် ရာသီ သီးနှံများသာ စိုက်ပျိုးကြပြီး ဇန်နဝါရီလမှ ဧပြီလ အထိ ရိတ်သိမ်းထားသော သီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေ ရရှိကြပါသည်။ ဒေါ်ဖျာကူး ကျေးရွာတွင် အနွမ်းပါးဆုံးသော အိမ်ထောင်စု အနည်းငယ်မှာ လုပ်ကိုင် မှီခိုကြသော လုပ်ငန်းများမှာ တောင်ယာ အငှားလိုက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်တာ ဝင်ငွေ လုံလောက်မှု မရှိသော အချို့နွမ်းပါးသူ အိမ်ထောင်စုမှာ တောင်ယာ အငှားလိုက်ခြင်းမှ ရရှိသော လုပ်အားခမှာ စုဆောင်းရငွေနှင့် တောင်ယာ အနည်းအကျဉ်း လုပ်၍ ရရှိလာသော စပါးများကို ရောင်းချခြင်းမပြုဘဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံအောင် ချွေတာ စားသုံးခဲ့ကြပါသည်။ ဒေါ်ဖျာကူး ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ တစ်ပိုင် တစ်နိုင် မွေးမြူထားသော ကြက်၊ ဝက် တို့ကို ရောင်းချ ခြင်းလည်း ပြုလုပ်ကြပါသည်။

အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ပြဿနာ အခက်အခဲမှာ (ဥပမာ- မုဆိုးမ ဦးဆောင်ရသော အိမ်ထောင်စု၏ အဓိက တောင်ယာ လုပ်ငန်းတွင် အမျိုးသား အင်အားဖြင့် ပြုလုပ်ရသော အရာတွင် ယောကျာ်း မရှိခြင်းကြောင့် အခက်အခဲ ရှိပါသည်။)ဒေါ်ဖျာကူး ကျေးရွာတွင်းရှိ အမျိုးသမီးအများစုမှာ တောင်ယာ လုပ်ငန်းဖြင့်သာ အသက် မွေးဝမ်းကျောင်း ပြုကြပါသည်။ ကျေးရွာတွင်း နေ့စား လုပ်အားခ တစ်ရက် နှုန်းထားမှာ (၄၀၀၀)ကျပ် ဖြစ်ပြီး အလုပ် ကျပ်ချိန် ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ (၇၀၀၀)ကျပ်အထိ တိုးငှားရမ်း ကြပါသည်။ ဒေါ်ဖျာကူး ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခမှာ တန်းတူ ရရှိ ကြပါသည်။ အမျိုးသမီးများ၏အဓိက အသက် မွေးဝမ်းကြောင်း လုပ်ငန်းနှင့် ပတ်သက်သော ပြဿနာ၊ အခက်အခဲမှာ တောင်ယာ စိုက်ပျိုးရေး၊ တစ်ပိုင် တစ်နိုင် မွေးမြူရေးနည်း ပညာ အားနည်းခြင်း၊ အရှက် အကြောက် ကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဒေါ်ဖျာကူးကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက် အရ -

(၁) စိုက်ပျိုးရေး လုပ်ငန်း အသင့် အတင့် အောင်မြင်ခြင်း။

(၂) နွေရာသီတွင် သောက်သုံးရေ လုံလောက်မှု မရှိခြင်း။


(၃) ဂင်ငွေနည်းပါးခြင်း စသည်တို့ဖြစ်သည်။

မှတ်တမ်းတင်သူ

ဒေါ်အယ်လိဇဘတ်

လူထုစည်းရုံးရေးမှူး

## (၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



**ဥစ္စဓနကြွယ်ဝမှုအဆင့်သတ်မှတ်မှုပြဇယား**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်ဖျာကူး** | **ရက်စွဲ။** | **။၂၉ . ၁၁. ၂၀၁၆** |
| **အုပ်စု ။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျား (၆) ဦး** |
| | | | **မ (၅) ဦး** |
| | | | **ပေါင်း (၁၁) ဦး** |

### ဥစ္စာဓနအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဥစ္စာဓန အဆင့် သတ်မှတ်မှု့ပြ ဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်ဖျာကူးကျေးရွာတွင် ရှိသော ချမ်းသာသော အုပ်စု၊ ထိခိုက်လွယ်သော အုပ်စု၏ ပိုင်ဆိုင်မှုများအား သိရှိ နားလည်စေရန်နှင့် စီမံကိန်း လုပ်ငန်းရေး ဆွဲရာတွင် လူနည်းစုများ ပါဝင်လာစေရန် နှင့် ၎င်းတို့၏ လိုအပ်ချက်များကို မြင်သာစေရန် ရည်ရွယ်ပါသည်။

ဒေါ်ဖျာကူးကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်ခြင်းပြ ဇယားအရ ဒေါ်ဖျာကူးကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စု၊ အသင့်အတင့် ရှိသော အိမ်ထောင်စု၊ မပြေလည်သော အိမ်ထောင်စု၊ နွမ်းပါးသော အိမ်ထောင်စု ဟူ၍ (၄)မျိုး ခွဲခြား တွေ့မြင် နိုင်ပါသည်။ ဒေါ်ဖျာကူးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၆)စု ရှိသည့် အနက် ချမ်းသာသော အိမ်ထောင်စုမှာ (၃) ရာခိုင်နှုန်း ရှိပြီး ကျေးရွာ လူထု၏ သတ်မှတ်ချက်မှာ ဝင်ငွေ အပို ရှာနိုင်ခြင်း၊ အရင်းအနှီး စိုက်ထုတ်နိုင်ခြင်း၊ တောင်ယာခင်း များခြင်း၊ စက်ကိရိယာ ပိုင်ဆိုင်မှု များခြင်း (ကိုင်းရှည်၊ထော်လာဂျီ၊ဆိုင်ကယ်)၊ မွေးမြူရေးတွင် အခြား သူများထက် ပိုသာခြင်း (ကျွဲ၊နွား) တို့ ဖြစ်ပါသည်။

အသင့်အတင့် ရှိသော အိမ်ထောင်စုပေါင်း (၁၃)စု ရှိပြီး ကျေးရွာ လူထု၏ သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် ဆိုင်ကယ်၊ စက်ငယ် (ကိုင်းရှည်)၊ မြေကေ (၃) ကေ အထက် ကျွဲ၊ နွားရှိခြင်း ဖြစ်ပါသည်။

ဒေါ်ဖျာကူးကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုပေါင်း (၉)စု ရှိပြီး အရင်းအနှီးမရှိ၊ နေ့စားလိုက်ခြင်း၊ စိုက်ပျိုးမြေ ရှိသော်လည်း မလုပ်နိုင်ခြင်း၊ ကျွဲ၊ နွားမရှိခြင်း၊ သားသမီးကို ပညာရေးတွင် အားမပေးနိုင်ခြင်း ဖြစ်ပါသည်။ နွမ်းပါးသည့် မိသားစု တစ်စု ရှိပြီး ကျောင်းနေ ကလေးအရွယ် များပြားခြင်း၊ တောင်ယာခင်းများ သော်လည်း အရင်းအနှီး မရှိခြင်း၊ အပိုဝင်ငွေ မရှိခြင်း၊ ဝင်ငွေမှာ တောင်ယာ အငှားလိုက်ခြင်းပေါ်တွင် မှီခို နေရခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဒေါ်ဖျာကူး ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများကို ကျေးရွာ ဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန်အတွက် ၎င်းတို့နှင့် တိုက်ရိုက် အကျိုး ခံစားခွင့် ရရှိသော ဖွံ့ဖြိုးရေး လုပ်ငန်းကို ပိုမို စိတ်ဝင်စားကြပါသည်။ဥပမာ- နွမ်းပါးသော အိမ်ထောင်စု အတွက် စိုက်ပျိုးရေးတွင် အရင်းအနှီး စိုက်ထုတ်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်း အတွက် တစ်ဖက် တစ်လမ်းမှ အကျိုး ဖြစ်စေသော လက်မှုပညာ၊ စိုက်ပျိုးရေး နည်းပညာကို ပိုမို စိတ်ဝင်စားကြပါသည်။

ဒေါ်ဖျာကူး ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်မှုပြ ဇယား၏ သုံးသပ်ချက် အရ-


(၁) တောင်ယာခင်း များသော်လည်း လုပ်ကိုင်နိုင်ရန် အရင်းအနှီး မစိုက်ထုတ်နိုင်ခြင်း။

(၂) အသိပညာ ဗဟုသုတ နည်းပါးခြင်း။

(၃) ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် အချိန် ပေးနိုင်မှု အားနည်းခြင်း။

မှတ်တမ်းတင်သူ
ဒေါ်မေရီ
(လူထုစည်းရုံးရေးမှူး)

## (၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း



**ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်ဖျာကူး** | **ရက်စွဲ။** | **။၂၉.၁၁.၂၀၁၆** |
| **အုပ်စု ။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျား (၅)ဦး** |
| | | | **မ (၅) ဦး** |
| | | | **ပေါင်း (၁၀) ဦး** |

## ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်ဗျာကူးကျေးရွာ အတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ လူမှုရေးတွင် ပါဝင်မှု အခန်းကဏ္ဍများအား သိရှိမြင်သာစေရန် နှင့် စွမ်းဆောင်ရည် များအား သိရှိ မြင်သာစေရန် ရည်ရွယ်ပါသည်။

ဒေါ်ဗျာကူး ကျေးရွာ၏ ကျား၊ မ ပင့်ကူအိမ် သုံးသပ်ချက် အရ ဒေါ်ဗျာကူး ကျေးရွာ အတွင်းရှိ အမျိုးသား နှင့် အမျိုးသမီး များသည် ကျေးရွာအတွင်းရှိ သာရေး၊ နာရေးများ၊ ဘာသာရေး စသည့် အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်မှုတွင် အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူ ပူးပေါင်း ပါဝင် နေခြင်းကို တွေ့ရပါသည်။ ဒေါ်ဗျာကူး ကျေးရွာ တွင်းရှိ အမျိုးသား များသည် အမျိုးသမီး များထက် အရင်းအမြစ် အသုံးချမှု၊ စိုက်ပျိုးရေး၊ ဝင်ငွေရရှိမှု များတွင် အမျိုးသား များက ပိုမို ဦးဆောင် နေခြင်းကို လေ့လာ တွေ့ ရှိပါသည်။ အိမ်တွင်းမှု လုပ်ငန်းတွင် အမျိုးသမီး များသည် အမျိုးသားများထက် ပိုမို စွမ်းဆောင် နေရခြင်းကို တွေ့ရှိရပါသည်။ ဒေါ်ဗျာကူး ကျေးရွာတွင်း အရင်းအမြစ် များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူ အသုံးပြုကြ သော်လည်း များသောအားဖြင့် အမျိုးသားများသာ ထိန်းချုပ် ဆုံးဖြတ်ချက် ချကြပါသည်။ ဒေါ်ဗျာကူး ကျေးရွာတွင်း အမျိုးသား၊ အမျိုးသမီး အတန်းပညာ အရည်အချင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုတွင် အမျိုးသမီးများ နှင့် အမျိုးသားများ လက်လှမ်းမှီမှု တန်းတူ ရရှိ ကြပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စ တွင်သာ ရာနှုန်းပြည့် အချိန်ပေးရခြင်းကြောင့် စိုက်ပျိုးရေး လုပ်ငန်း၊ အရင်းအမြစ် ထိန်းချုပ်မှု၊ ကျေးရွာတွင်း သာရေး၊ နာရေးတွင် ပူးပေါင်း ပါဝင်မှု၊ ဦးဆောင် ဆုံးဖြတ်ချက်ချမှုတွင် အားနည်း နေပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမှီ သော်လည်း အိမ်တွင်းရေး တွင်သာ အချိန်ပေးမှု များသောကြောင့် စီးပွား ဝင်ငွေရှာ ဖွေရာတွင် အားနည်း နေပါသည်။

အမျိုးသမီးများ အဓိက ရင်ဆိုင်နေရသည့် အခက်အခဲ ပြဿနာမှာ ပညာရေး လက်လှမ်းမှီမှု အားကောင်း သော်လည်း ရိုးရာ အစဉ်အလာများ စိုးမိုး ထားခြင်း၊ အရှက်၊ အကြောက်တရား ကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝ တိုးတက် မြင့်မားလာစေရန် ရိုးရာ ဓလေ့နှင့် လျော်ညီသော အယူအဆ (ပြောင်းလဲသင့်သောအရာများ) ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

ဒေါ်ဗျာကူး ကျေးရွာတွင်း အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်လာစေရန် အမျိုးသားများမှ တာဝန် ခွဲဝေယူမှု၊ အသိပညာ ပေးဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှုကို လက်ခံ လေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခ တန်းတူ ပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ် နေပါသေးကြောင့် သုံးသပ် ထားပါသည်။

ဒေါ်ဗျာကူး ကျေးရွာ၏ ကျား၊မ ပင့်ကူအိမ် သုံးသပ်ချက် အရ -


(၁) အမျိုးသမီးများ အိမ်တွင်းမှုတွင် ပိုမိုဦးဆောင်နေရခြင်း။

(၂) အမျိုးသမီးများ ပညာရေး အားကောင်း သော်လည်း ရိုးရာ ဓလေ့၊ အယူအဆများအား ယခုထိတိုင် အစွဲအလမ်းရှိ နေသေးခြင်း။

(၃) ပူးပေါင်း ပါဝင်မှု အားကောင်း သော်လည်း ဦးဆောင် ဆုံးဖြတ် ချက်ချမှတ်ရာတွင် အားနည်းသေးခြင်း။

မှတ်တမ်းတင်သူ
ဒေါ်အယ်လီဇဘတ်
(လူထုစည်းရုံးရေးမှုး)

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား



### အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့သုံးသပ်ချက်

**ကျေးရွာ။ ။ ဒေါ်ဖျာကူး** **ရက်စွဲ။ ။၂၉.၁၁.၂၀၁၆**

**အုပ်စု ။ ။ ကေးလျား** **ပါဝင်ဆွေးနွေးသူ။ ။ ကျား (၆ )ဦး**

**မ (၅) ဦး**

**ပေါင်း (၁၁) ဦး**

### အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များ သုံးစွဲ ထိန်းချုပ်မှု့ပြ ဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်ဖျာကူး ကျေးရွာတွင် ရှိသော အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ ပိုင်ဆိုင် ထားရှိနေခြင်းကို သိရှိစေရန်၊ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေးအဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကွဲပြား ခြားနားမှု့များကို သိရှိနားလည်စေရန် ရည်ရွယ်ပါသည်။

ဒေါ်ဖျာကူး ကျေးရွာ၏ အရင်းအမြစ်များ သုံးစွဲ ထိန်းချုပ်မှု့ပြ ဇယား၏ သုံးသပ်ချက် အရ ဒေါ်ဖျာကူး ကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ်ဟူ၍ (၂) မျိုးတွေ့ရပြီး အရင်းအမြစ် သုံးစွဲမှု့နှင့် ထိန်းချုပ် ထားရှိမှု့ကို (၃)မျိုး ကွဲခြားတွေ့ မြင်နိုင်ပါသည်။ ဒေါ်ဖျာကူး ကျေးရွာတွင် အမျိုးသား သီးသန့် အသုံးပြုသော အရင်းအမြစ်များမှာ ဂါး၊ ဘော်လီဘောကွင်း၊ ဘော်လုံးကွင်း၊ စက် (ကိုင်းရှည်၊ထော်လာဂျီ) ဖြစ်ပြီး ထိန်းချုပ် ဆုံးဖြတ်မှုများတွင်လည်း ၄င်းတို့ကသာ ပြုလုပ်ပါသည်။ ဒေါ်ဖျာကူးကျေးရွာတွင် အမျိုးသမီးများ အဓိက အသုံးပြုနေသော အရင်းအမြစ်များမှာ စက်ချုပ်ခြင်း၊ ရိုးရာ အထည် ယက်လုပ်ခြင်း

(ချုပ်လုပ်ခြင်း)၊ တို့ဖြစ်ပြီး ထိန်းချုပ် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးကသာ ပြုလုပ်လေ့ ရှိသည်။ ဒေါ်ဗျာကူး ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံး အသုံးပြုနေသော အရင်းအမြစ်များမှာ အိမ်၊ ရေအရင်းအမြစ်၊ တောင်ယာ၊ လမ်း၊ ဆိုင်ကယ်၊ ဆေးခန်း၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ အိမ်မွေး တိရိစ္ဆာန်များ (ကြက်၊ ဝက်၊ နွား၊ ကျွဲ) တို့ ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူ အသုံးပြု ထိန်းချုပ် ထားသော်လည်း များသောအားဖြင့် အမျိုသားများသာ ဦးဆောင်ဖြတ်ချက် ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေး အကြံပေးမှုများဖြင့်သာ ပါဝင် ဆောင်ရွက်နိုင်ပါသည်။

ဒေါ်ဗျာကူးကျေးရွာ၏ အရင်းအမြစ်များသုံးစွဲ ထိန်းချုပ်မှုပြဇယား၏ သုံးသပ်ချက် အရ -

(၁) ကျေးရွာတွင်း လူ့အရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို ကျား၊မ တန်းတူ အသုံးပြုကြခြင်း။

(၂) ကျေးရွာတွင်း အရင်းအမြစ်များကို ကျား၊မ တန်းတူ ထိန်းချုပ်ထား ကြသော်လည်း များသောအားဖြင့် အမျိုးသားများ ဦးဆောင် ဆုံးဖြတ်ချက်ချကြပါသည်။

(၃) အချို့သော အရင်းအမြစ်များအပေါ် အမျိုးသမီးများမှ အကြံပြု ဆွေးနွေးမှုများ ပေးနိုင်ခြင်း။

(၄) အချို့သော အမျိုးသမီးများမှာ အိမ်တွင်းမှုတွင် အချိန်ပို ပေးနေရခြင်းကြောင့် ပြင်ပ၊ ဗဟုသုတ နှင့် ထိတွေ့မှု အားနည်းခြင်း။

(၅) အချို့သော အမျိုးသမီးများမှာ အမျိုးသားများ နည်းတူ ဦးဆောင် ဆုံးဖြတ်ချက်ချမှုတွင် လုပ်ဆောင်နိုင်ခြင်း။

မှတ်တမ်းတင်သူ<br>ဒေါ်မေရီ<br>(လူထုစည်းရုံးရေးမှူး)

## (၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ




**အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်ဖျာကူး** | **ရက်စွဲ။** | **။၂၉. ၁၁. ၂၀၁၆** |
| **အုပ်စု ။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျား (၅) ဦး** |
| | | | **မ (၅) ဦး** |
| | | | **ပေါင်း (၁၀) ဦး** |

### အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်ဖျာကူးကျေးရွာ အတွင်းရှိ ကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် ချိတ်ဆက်အကျိုးပြုပုံကို သိရှိစေရန် ရည်ရွယ်ပါသည်။

ဒေါ်ဖျာကူး ကျေးရွာတွင် ကျေးရွာမှ ဖွဲ့စည်းထားသော အဖွဲ့များ၊ အခြား ပြင်ပမှ လာရောက်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့ ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။ ဒေါ်ဖျာကူးကျေးရွာအတွင်းမှဖွဲ့စည်းထားသော အဖွဲ့ပေါင်း (၁၀)ဖွဲ့ရှိပြီး ကျေးရွာ၏ လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ဘာသာရေး၊ ပညာရေး၊ ကျေးရွာ

ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ရန် အတွက် လာရောက် ချိတ်ဆက်သော အဖွဲ့အစည်းပေါင်း (၉)ဖွဲ့ ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အခြား ပညာပေးရေး လုပ်ငန်းများ၊ ကျန်းမာရေး ဆိုင်ရာများ အတွက် ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။ အခြား အစိုးရ မဟုတ်သော အဖွဲ့ (NGO) အဖွဲ့အစည်းများ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လာရောက် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဒေါ်ဖျာကူးကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့နှင့် သစ်တောကော်မတီအဖွဲ့အစည်းများဖြစ်ပြီး ရပ်ရွာ၏ သာရေး၊ နာရေး၊ ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အရာများတွင် အဓိက ဦးဆောင် ပါဝင်ကြပါသည်။ ဖခင်အဖွဲ့နှင့် မိခင်အဖွဲ့ တို့မှာ ဘာသာရေး အဖွဲ့အစည်းများ ဖြစ်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် အဓိက ပါဝင်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လိုအပ်ချက် အရ ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ EPC ရုံးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင် ပေးပါသည်။ ကျေးရွာတွင်း လမ်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ အဆောက်အဦး တိုးချဲ့ရေး များရှိပါက လူထုဗဟိုပြု စီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး KNPP ဆေးကျောင်းပိုးအိတ် အဖွဲ့ နှင့်လည်း အသီးသီး ချိတ်ဆက်ဆောင်ရွက် ထားရှိကြပါသည်။

ဒေါ်ဖျာကူးကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် အရ -

(၁) ဒေါ်ဖျာကူး ကျေးရွာတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များမှာ ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ် အုပ်စုများ ပါဝင်သည့် ကော်မတီဝင် အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပမှ ဖွံ့ဖြိုးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်း ဖွဲ့စည်းထားသော အဖွဲ့ အသီးသီးမှ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ပါဝင် လုပ်ဆောင် နေခြင်း။

မှတ်တမ်းတင်သူ
ဒေါ်အယ်လိဇဘတ်
(လူထုစည်းရုံးရေးမှူး)

## ဂ။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း





# ဒေါ်ဖျာကူးကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း



| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးကိုရယ် | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂ | ဒေါ်သျှားမာ | | မ | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃ | ဦးသူ့ရယ် | ကျား | | စောင့်ကြည့်၊ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်သိုးမိုး | | မ | စောင့်ကြည့်၊ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးတူရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်ရှိစေ(ပါးမာ) | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးဂျွန်နဒီထူး | ကျား | | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၈ | ဒေါ်လှစေးဖော | | မ | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၉ | ဦးလိရယ် | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်ဖိုးမိုး | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | ဦးလိဒို | ကျား | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ကူးမိုး | | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ကလောမာ | ကျား | | ကျေးရွာစာရင်းကိုင် |
| | **ကော်မတီဝင်စုစုပေါင်း** | ၇ | ၆ | **၁၃ယောက်** |

# ၈။ကျေးရွာအချက်အလက်( ပုံစံ-၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ ဖြည့်ရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| | | |
|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးခေ့ဂျယ် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် - | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျဲ့ဂျယ် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဒေါ်ဖျာကူး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၂၆ | ဘာသာ (၁) နှစ်ခြင်း | ၂၆ |
| လူမျိုးစု (၂) ----------- | | ဘာသာ (၂) ----------- | |
| လူမျိုးစု (၃) ----------- | | ဘာသာ (၃) ----------- | |
| လူမျိုးစု (၄) ----------- | | | |
| လူမျိုးစုရော ----------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | က . ၆<br>မ · ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၅ | ၅၁ |
| လူမျိုးစု (၁)-- ကယား -------- | | |
| လူမျိုးစု (၂) -------------------- | | |
| လူမျိုးစု (၃) -------------------- | | |
| လူမျိုးစု (၄) -------------------- | | |
| လူမျိုးစု (၅) -------------------- | | |
| အိမ်ထောင်ဦးစီး | ၂၁ | ၅ |

လူထုဖော်ပြ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ✓ | ခရစ်ယာန်ကျောင်း | ✓ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>နှစ်ခြင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ✓ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? **ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၄ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **ပြုခဲ့ပါသည်**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ မိုင်ခွဲ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၄၀ ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် မိနစ် ၅၀ ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား၊

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား၊

(၁) ကယားဖူး၊ ကျေးလက်၊ ကိန္နရာ၊ မြိတ်၊ မော်ဒေးဂျီး၊

(၂) ကြံ့ခိုင်ရေး၊ ACF၊ KNPP၊ LDN.

ကျေးရွာခေါင်းဆောင် အမည် ဦး ခေါ့ရယ်

လက်မှတ် [signature] နေ့စွဲ ၂၉.၁၁.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဦး ကူး ရယ်

လက်မှတ် နေ့စွဲ ၂၉.၁၁.၂၀၁၆

# ၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ဝ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျူးရယ် | | | |
| နေ့စွဲ ၂၉.၁၁.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖောကူးလူး | ကျေးရွာ ဒေါ်ဖျာကူး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၁၁.၂၀၁၆ | ၂၉.၁၁.၂၀၁၆ | ၁၃ | ၁၀ | ၂၂ | ၂၃ ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၀.၁၁.၂၀၁၆ | ၃၀.၁၁.၂၀၁၆ | ၁၃ | ၁၀ | ၂၂ | ၂၃ ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၁.၁၂.၂၀၁၆ | ၁၁.၁၂.၂၀၁၆ | ၃ | - | ၃ | ၃ ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 18.1.2017 | 18.1.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 9.2.2017 | 9.2.2017 | 18 | 12 | 26 | 30 ကယား |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 13.2.2017 | 13.2.2017 | 6 | 5 | 11 | 11 ကယား |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 13.2.2017 | 13.2.2017 | 12 | 8 | 20 | 20 ကယား |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 13.2.2017 | 13.2.2017 | 5 | 5 | 10 | 10 ကယား |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ဝ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျူးရယ် |
| နေ့စွဲ ၃၀.၁၁.၂၀၁၆ / စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖရူဆို / ကျေးရွာအုပ်စု ဖားလျား / ကျေးရွာ ဒေါ်ဖျာကူး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မူကြိုကျောင်း မရှိခြင်းကြောင့် [illegible] | ၁ | မိုးရာသီတွင် ချောင်းတွင်း၊ မြင်းလမ်း သွားလာရန်ခက်ခဲခြင်း |
| ၂ | မိုးရာသီတွင် ချောင်းတွင်း လမ်း သွားလာရန်ခက်ခဲခြင်း | ၂ | ရေသောက်သုံးရေ မလုံလောက်ခြင်း |
| ၃ | ရေတမံ မရှိခြင်းကြောင့် နွေရာသီတွင် ရေခက်ခဲခြင်း | ၃ | မူကြိုကျောင်း မရှိသဖြင့် ကလေးငယ်များ အတွက် အခက်အခဲဖြစ်ခြင်း |
| ၄ | နွေရာသီတွင် [illegible] | ၄ | [illegible] |
| ၅ | — | ၅ | အလုပ်အကိုင် [illegible] |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မူကြိုကျောင်း ဆောက်လုပ်ရန် | ၁ | ကတ္တရာလမ်း ဖြစ်ရမည်။ |
| ၂ | ရေထွက်ပေါက်သို့ သွားလမ်း ဖြစ်မြောက်ရန် | ၂ | ရေသောက်သုံးရေ လုံလောက်ရမည်။ |
| ၃ | ရေတမံ ([illegible]) ဖြစ်မြောက်ရန် | ၃ | ကျန်းမာရေး ဝန်ထမ်း အပြည့်အဝ ရှိရမည်။ |
| ၄ | ရေသောက်သုံးရေ [illegible] ရရှိရမည်။ | ၄ | အလုပ်အကိုင် အခွင့်အလမ်း ပေါ်လာရမည်။ |
| ၅ | | ၅ | ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား | ၇၀ အိမ် | ၁၀၆ ဦး |
| ၂ | ရေတွင်း လမ်း ဖြစ်မြောက် | အမျိုးသား+အမျိုးသမီး | ၄၅ အိမ် | ၁၀၆ ဦး |
| ၃ | မူကြိုကျောင်းဆောင် | အမျိုးသား+အမျိုးသမီး | ၄၀ အိမ် | ၁၀၆ ဦး |
| ၄ | ဆောက်လုပ်ခြင်း | | - | - |
| ၄ | [illegible] မြေသား ၃၂ | အမျိုးသား | ၃၀၀ အိမ် | ၁၀၆ ဦး |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ၊

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] ဆောက်ခြင်း | အမျိုးသမီး | |
| ၂ | [illegible] ခြင်း | အမျိုးသမီး | |
| ၃ | ကျောင်းမှာ [illegible] ဆရာမ | အမျိုးသမီး | |
| ၄ | ကျောင်းမှာ [illegible] | အမျိုးသမီး | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ ၂၉.၁၁.၂၀၁၆

# ၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးခြယ်ခြင်း ( ပုံစံ-၄)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - ဝ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်၊ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကျေ့ဂျိုဖီးနာရီတင် (TF) , ဦးကူးဂျပ် (CF) , ဒေါ်မေရီ (CF)


နေ့စွဲ 21.1.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ကေးလျား

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကေးလျား | မြေသားလမ်း တိုးချဲ့ခြင်း | ၁ မိုင် | (466) ဦး | ☐ကျား ☐မ ☑ကျား+မ | 85 သိန်း | | | | 85 သိန်း |
| ထိးကူးဒော | ရေပိုက်သွယ် ယူခြင်း | နင်ကျင်-25hp, ပိုက်-8000', ပိုက်-2',1½',1' (1 မိုင်ခွဲ), ရေကန်-(3.14×7'×7'×5.5×6.24) | (482) ဦး | ☐ကျား ☐မ ☑ကျား+မ | 85 သိန်း | | | | 85 သိန်း |
| ဒေါ်ဗျာကူး | ရေပိုက်သွယ် ယူခြင်း | နင်ကျင်-25hp, ပိုက်-8000', ပိုက်-2',1½' (1 မိုင်), ရေကန်-(3.14×7'×7'×5.5'×6.24) | (106 ဦး) | ☐ကျား ☐မ ☑ကျား+မ | 70 သိန်း | | | | 70 သိန်း |
| ဒေါ်တဂေါ | ခုံးမဆောင် တည်ဆောက်ခြင်း | 54'×18'×12' နံရံသွပ် | (140 ဦး) | ☐ကျား ☐မ ☑ကျား+မ | 65 သိန်း | | | | 65 သိန်း |
| ဒေါ်ပိုဂျေ | မူကြိုကျောင်း တည်ဆောက်ခြင်း | (22.5'×15'×10.5') ဝါရံ ပါ | (99 ဦး) | ☐ကျား ☐မ ☑ကျား+မ | 45 သိန်း | | | | 45 သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦးကျော်ကို ဦး ဘောလက်မှတ် [signature] ရက်စွဲ ၂၁.၁.၂၀၁၇

## ၁၂။ဒေါ်ဖျာကူးကျေးရွာအစည်းအဝေးမှတ်တမ်းများ


ကျေးရွာ - ဒေါ်ဖျာကူး
နေရာ - ကျောင်းရှေ့
ရက်စွဲ - ၂၉.၁၁.၂၀၁၆
ပါဝင်ဆွေးနွေးသူ - ကျား(၁၂)ဦး
- မ(၁၀)ဦး
- ပေါင်း(၂၂)ဦး
မှတ်တမ်းတင်သူ - ဒေါ်မေရီ (CF)
အကြောင်းအရာ - ပထမအကြိမ်အစည်းအဝေး

လူထုဗဟိုပြုစီမံကိန်း၏ ပထမအကြိမ်အစည်းအဝေးကို ကျော၊ ဆရာအုပ်စု၊ ဒေါ်ဖျာကူးကျေးရွာတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဒေါ်ဖျာကူးအိမ်ထောင်စုပေါင်း (၂၆) စုအနက် (၂၀) စုကိုယ်စားလှယ်များ ဆွေးနွေးခဲ့ပါသည်။ ပထမအကြိမ် အစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း၊ ၎င်းစီမံကိန်း၏ ရည်ရွယ်ချက်၊ ဘာဏ္ဍာငွေ၊ ကျေးရွာတိုင်း၊ လူနည်းစုဝင်များ ပါဝင်ခြင်းဖြစ်သော မူကို အဓိကဖော်ပြထား ကြောင်း ရှင်းလင်းပြခဲ့ပါသည်။ ဆက်လက်၍ လူထုဆန်းစစ်မှုတော် (PRA) ကို အဖွဲ့လိုက် လုပ်ဆောင်ခဲ့ကြပါသည်။ လူထုဆန်းစစ်ခြင်းတွင် ဒေသအခြေအနေ မြေပုံ၊ မိုးဥတုအလိုက်ပြက္ခဒိန်၊ ဥစ္စာဓနကြွယ်ဝမှုဖြစ်စေသော၊ အဖွဲ့အစည်း ချိတ်ဆက်မှုဖြစ်စေသော၊ ပြဿနာ၊ အရင်းအမြစ်ထိန်းချုပ်မှုဖြစ်စေသော တို့ပါဝင်ပါသည်။ ပထမအကြိမ်အစည်းအဝေးကို ည(၉:၀၀)နာရီတွင် အဆုံးသတ်ခဲ့ပါသည်။

အစည်းအဝေးစတင်ချိန် - ည ၆း၃၀ နာရီ
အစည်းအဝေးပြီးဆုံးချိန် - ည (၉:၀၀) နာရီ

(signature)
ဒေါ်မေရီ (CF)

မြို့နယ် - ဖရူဆိုမြို့
အုပ်စု - ကောလျာ
ကျေးရွာ - ဒေါ်ဖျာကူးရွာ
ရက်စွဲ - ၃၀.၁၁.၂၀၁၆

အကြောင်းအရာ ။ ။ လူထုဗဟိုပြုစီမံကိန်း ဦးတည်သည့်အကြိမ် အစည်းအဝေး မှတ်တမ်း

ဒေါ်ဖျာကူးရွာ၌ လူထုဗဟိုပြု (၃) နှစ်စက်ဝန်း ဦးတည်သည့် အကြိမ် အစည်းအဝေးကို ဒေါ်ဖေရီ (CF) မှ ဦးဆောင်ပြီး ည (၆:၀၀) နာရီတွင် ပြန်လည်ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးကို ကျေးရွာရှိ (နှမ်းခြံခရစ်ယာန်ဖိုးမ) တွင် ပြုလုပ်ပြီး ရပ်မိရပ်ဖ၊ လူငယ်နှင့် နွမ်းပါးသည့် အမျိုးသမီးများ စုစုပေါင်း လူဦးရေ (၂၂) ဦး တက်ရောက်ခဲ့သည်။

ဒေါ်ဖေရီ (CF) မှ လူထုဗဟိုပြုစီမံကိန်း (၃) နှစ်စက်ဝန်း ဦးတည်သည့်အကြိမ် အစည်းအဝေး၏ရည်ရွယ်ချက်များကို ပြန်လည် ဆွေးနွေး ရှင်းပြခဲ့သည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီးများကို ခွဲခြား၍ အုပ်စု (၂) စုခွဲပြီး မိမိတို့ကျေးရွာတွင် တွေ့ကြုံရင်ဆိုင်နေရသည့် ပြဿနာ အခက်အခဲများ၊ မျှော်မှန်းချက်များကို ဖော်ထုတ်စေခဲ့ပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဦးစားပေးလုပ်ငန်းများကိုလည်း ရွေးချယ်စေခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေးတွင် ကျေးရွာကော်မတီများကို ပြန်လည်ဆန်းစစ် အစားထိုး ခန့်အပ်ပြီး ကော်မတီဝင်များ၏ တာဝန်၊ ဝတ္တရား၊ သဘောတရား၊ ကျင့်ဝတ်များကိုပါ ဆွေးနွေး ရှင်းပြခဲ့သည်။

ထို့နောက် ဒေါ်ဖေရီ (CF) မှ ကျေးရွာ လူထုများအား ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ည (၁၁:၀၀) နာရီတွင် ရုပ်သိမ်းခဲ့သည်။


မှတ်တမ်းတင်သူ
(signature)
(အယ်လီဇာဘက်-CF)

## ၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်း၊ ဆေးဝါး အထောက်မ | ☑ မ ☐ ကျား | | |
| | ၂ | ကျန်း၊ မာရေး ဝန်ထောင် မှု | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | မူကြို ကျောင်း | ☑ မ ☑ ကျား | | |
| | ၂ | ဥယျာဉ်ကျောင်း ... လိုအပ်ချက် | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | [illegible] | ☐ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | [illegible] | ☐ မ<br>☑ ကျား | | |
| | ၄ | [illegible] | ☑ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |